# “ကလေးတွင်ဘေးမရှိ”

## “It Is Well with the Child”

ထို နွေရာသီတစ်ညနေက စနေရီခန့်တွင် ကားကို အိမ်ခြံဝင်းကားလမ်းထဲသို့ ကျွန်မမောင်းဝင်လိုက်သည်။ ကားပေါ်က ဆင်းလိုက်သည်နှင့်ပင် ကျွန်မ၏ ခင်ပွန်းသည် ဒန်နီယယ်အစား အိမ်နီးချင်းတစ်ဦးကို တွေ့လိုက်ရသည်။ သူမက

“ဆေးရုံမှာ ဒန်နီယယ်ကို တွေ့ခဲ့သလား” ဟုမေးလိုက်သည်။

“ဟင့်အင်း ကျွန်မဆေးရုံကို သွားရမှာလား”

“ရှင် ဘာမှမကြားဘူးလား”

မိခင်များ မကြားဝံ့သော သည်းထိတ်ရင်ဖိုဖွယ် စကားများပင်တည်း။ ကျွန်မက ရုတ်ချည်းပင် ချယ်လ်ဆီးကိုတွေးလိုက်မိသည်။ ကျွန်မ၏ ၈နှစ်အရွယ်ရှိသော သမီးကလေးဖြစ်ပြီး မိသားစုထဲတွင် မကြောက်တတ်သူ ဖြစ်သည်။ ထိမိခိုက်မိဖြစ်တတ်လွန်းလှသည်။

“ချယ်လ်ဆီးကို ကြေးနီမြွေအကိုက်ခံရတယ်။ ဒါနဲ့ပဲ ဒန်နီယယ်က ချယ်လ်ဆီးကိုခေါ်ပြီး ဆေးရုံပြေးတယ်။ တစ်နာရီလောက်တောင်ရှိသွားပြီ”

ကျွန်မအသက်ရှူရပ်သွားသည်။ ကျွန်မတို့ ခြံဝင်းထဲတွင် ကြေးနီမြွေများပေါလွန်းသဖြင့် အန္တရာယ်ကြီးမှန်းသိသောကြောင့် ကျွန်မတို့ သတ်ပြစ်ခဲ့ကြသည်။ ကလေးတစ်ဦးကို ကြေးနီမြွေကိုက်လျှင် အသက်ဆုံးရှုံးနိုင်သည်။

နောက်ပိုင်းတွင် သိရသည်မှာ ချယ်လ်ဆီးသည် အိမ်တွင်မွေးထားသော ဖွတ်ကလေးအတွက် အင်းဆက်ပိုးကောင်ကလေးများ ရှာဖွေဖမ်းယူလျက်ရှိသည်။ အိမ်ဘေးရှိ သစ်သားခင်းထားသော လူသွားလမ်းကလေးမှ သစ်သားပြားကလေးကို မလိုက်ရာမှ မြွေကိုက်ခံရခြင်းဖြစ်သည်။ သူမအော်သံကြားသည်နှင့် အန်နီယယ် ပြေးထွက်လာခဲ့ရာ မြွေကိုက်ခံရကြောင်း သိလိုက်ရပြီး မြွေကိုလည်း ရိုက်သတ်ကာ ချယ်လ်ဆီးနှင့်အတူ ဆေးရုံရှိ ဆရာဝန်ကို ပြသရန်ယူသွားခဲ့သည်။

ကျွန်လည်း ကားထဲသို့အပြေးအလွှားဝင်လိုက်ပြီး ဆေးရုံသို့ ဦးတည်ကာ တရိုန်ထိုးမောင်းနှင့်ခဲ့ရာ ၁၅မိနစ်ဖြင့်ပင် ရောက်ရှိခဲ့သည်။

ထို ၁၅မိနစ်သည် ကျွန်မဘဝအတွက် အကြာဆုံးကာလတစ်ခု ဖြစ်နေသည်။ ခေါင်းထဲတွင်လည်း မေးခွန်းများ တစ်သီကြီးတန်းစီနေသည်။ ချယ်လ်ဆီးလေးများ သိပ်နာနေပြီလား။ သူကလေး သတိမေ့နေတုန်းပဲလား။ အသက်မှရှိသေးရဲ့လား။ ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာပါလိမ့်။

မိခင်တစ်ဦး၏ နှလုံးသားထဲမှ စစ်မှန်သော မေတ္တာတရားဖြင့် လှိုက်လှဲစွာ ဆုတောင်းမိသည်။ ယခုမူ ဆုတောင်းမှုသည် ကျွန်မနှင့်ဘုရားသခင်သာ သိပေလိမ့်မည်။ သမီးကလေးအား ကယ်တင်စောင့်ရှောက်တော်မူပါမည့်အကြောင်း သူ့အားလျှောက်ထားစဉ်တွင် ကားစတီယာရင်ကို ဆုပ်ကိုင်ထားသော ကျွန်မ၏လက်များ တဆတ်ဆတ်တုန်နေခဲ့သည်။ စိတ်ကို လွှတ်ပေးလိုက်ရာ ကျွန်မ၏နှလုံးသားသည် ဘုရားသခင်နှင့် ဆက်သွယ်ခဲ့မိသည်။

တစ်ဦးတည်းသော သားကလေး ရုတ်တရက်သေဆုံးသွားသော ရှုနင်မြို့သူတစ်ဦး၏ အကြောင်းကို ဖော်ပြထားသော သမ္မာကျမ်းစာပါဝတ္ထုကလေးကို သတိရလိုက်မိသည်။ (ဓမ္မရာဇဝင် စတုတ္ထစောင် ၄း ၈ – ၃၇) သူမသည် သားသေကို ပရောဖက် ဧလိရှဲ၏ ခုတင်ပေါ်တွင်ထားပြီး ဧလိရှဲကိုရှာရန် ထွက်ခဲ့၏။ ဧလိရှဲကိုတွေ့သောအခါ သူက “ကိုယ်တိုင်မာ၏လော၊ သူငယ်မာ၏လော” ဟုမေးသဖြင့် သူမကလည်း “မာပါ၏” ဟုဆို၏။

“မာပါ၏” ဟု အဘယ်ကြောင့် သူမဆိုပါသနည်း။ ကလေးငယ်ကား သေလုမျောပါးဖြစ်နေသည်။ သို့ရာတွင် သူမ၏ ယုံကြည်မှုက ခိုင်မာသည်။ သူမသည် သားသမီးမရနိုင်အောင် ကြုံနေသော်လည်း ပရောဖက်၏ လျှောက်ထားတောင်ပန်မှုကို ဖြည့်စွမ်းရန်အလို့ငှာ ဘုရားသခင်က ထိုသူငယ်ကို သူမအားချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် သားငယ်၏အသက်ကို ကယ်တင်နိုင်စွမ်း ပြန်လည်ရှင်သန်စေနိုင်စွမ်းရှိသည်ဟု သူမယုံကြည်သည်။ သူမ၏ ယုံကြည်မှုကြောင့်လည်း ကလေးငယ်သည် လုံးဝပျောက်ကင်းပြီး သေခြင်းမှထမြောက်ခဲ့ပေသည်။

ဘုရားသခင်၏ အမှာစကားကား ရှင်းလင်းပြတ်သားပါသည်။ ဘုရားသခင်က ကျွန်မအား သူ့ကိုယုံကြည်စေချင်သည်။ ကျွန်မ၏ ဆုတောင်းလျှောက်ထားသံကို သူကြားသိကြောင်း အားထားစိတ်ချစေချင်သည်။ သူ့အား ကျေးဇူးတော်တင်ရကောင်းမှန်း စတင်နားလည်စေချင်သည်။

ကျွန်မအတွက်တော့ စိတ်လှုပ်ရှားဖွယ်ပင်။ ကျွန်မသည် မျက်ရည်လည်ရွဲဖြင့် လျှောက်ထားခဲ့သည်။ လက်မြှောက်အရှုံးပေးသည့် မျက်ရည်များမှ ကင်းဝေးသော သန့်ရှင်းသော ဝိညာဉ်တော်ကို တိုင်တည်ခဲ့သည်။ ချစ်တတ်သော ဘုရားသခင်အား ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းသော မျက်ရည်များဖြင့် ဆုတောင်းခဲ့သည်။ ဘုရားသခင်သည် အဆုံးစွန်သိမြင်သဖြင့် အကောင်းဆုံးစောင့်ရှောက်ပေလိမ့်မည်။ “ကလေးကို ဘုရားသခင်စောင့်ရှောက်ပါတယ်” ဟု ခိုင်မာသော ယုံကြည်မှုဖြင့် အောင်ဟစ်မြည်ကြွေးလိုက်ပါသည်။

ဆေးရုံသို့ရောက်သောအခါ ချယ်လ်ဆီးသည် သတိရနေသည့်ပြင် စကားပင်ပြောနေသောကြောင့် အကြီးအကျယ်စိတ်သက်သာရာ ရခဲ့မိပါသည်။ သူမ၏လက်မှာ ရောင်ရမ်းနေပြီး လက်ချောင်းကလေးများမှာ ညိုပုပ်ပုပ်ဖြစ်နေသည်။ သူမ၏ လက်အရောင်အလျှော့မချင်း နာနေရှာပါသည်။

သူမကိုက်သောမြွေမှာ မြွေပေါက်ကလေးဖြစ်ပြီး မြွေပေါက်ကလေးများက အဆိပ်ကို ထိန်းချုပ်နိုင်စွမ်းမရှိသေးသောကြောင့် ပို၍ပင် အန္တရာယ်ရှိကြောင်း ဆရာဝန်က ရှင်းပြပါသည်။ မြွေပေါက်ကလေးများသည် မြွေကြီးများထက်ပို၍ အဆိပ်ကိုထိုးသွင်းနိုင်သကဲ့သို့ အဆိပ်ရည်နည်းနည်းမျှလည်း ထုတ်လွှတ်နိုင်သည်။ ချယ်ဆီးတွင် မြွေဆိပ်မည်မျှဝင်သွားသနည်း။ အချိန်တန်မှပင် သိရပေလိမ့်မည်။ လက်ကောက်ဝတ်ကျော်ပြီး ရောင်ရမ်းလာပါက ပို၍သတိထားကုသရန်လိုမည်ဟု ဆရာဝန်ကပြောခဲ့သည်။

နာရီပေါင်းများစွာ ကြာလာသောအခါ သူမ၏လက်သည် ပို၍ရောင်လာပြီး လက်ချောင်းကလေးများသည်လည်း အရောင်ပြောင်းလာ

သည်။ သူမခမျာ နေမထိထိုင်မသာနှင့် အခံရခက်အောင် နာကြင်နေရှာသည်။ ကျွန်မတို့တွင် သူမအတွက် ဆုတောင်းပေးရန် မိတ်ဆွေသူငယ်ချင်းများကို မိသားစုများကို စုစည်းလိုက်သည်။ အဆိပ်သည် ပို၍ပျံ့နှံ့ခြင်းမရှိစေရန် အလေးအနက်ဆုတောင်းကြသည်။ ကျွန်မသည် ချယ်လ်ဆီးနှင့်အတူ ဓမ္မသီချင်းများဆိုကြပြီး သမ္မာကျမ်းစာပါ အလင်္ကာများကို ဖတ်ပြသည်။

သူမလက်သည် လက်ကောက်ဝတ်အထက်သို့ကျော်ပြီး ရောင်ရမ်းမလာဘဲ ရပ်တန့်နေသောကြောင့် စိတ်သက်သာရာ ရခဲ့သည်။ ဆုတောင်းခြင်း၏ အကျိုးအာနိသင်ပင် ဖြစ်ပါတော့သည်။

နောက်နေ့နံနက်တွင်ကား အရောင်လျော့သွားပြီး လက်ချောင်းကလေးများသည်လည်း ပုံမှန်အရောင်ပြန်ဖြစ်သွားကာ ချယ်လ်ဆီးတစ်ယောက် ပြုံးရွှင်လာပြန်ပါသည်။ ချယ်လ်ဆီးကား ထိုသို့သော ပစ်တိုင်းထောင်မကလေးပင် ဖြစ်သည်။ ဘယ်နေရာသို့ ပြစ်ချပါစေ နေမြဲအတိုင်း ပြန်၍ထောင်လျက်သားပင်။ (သူမ၏ရရှိထားသော ဒဏ်ရာများ၊ အမာရွတ်များကိုလည်း ထုတ်ဖော်ပြလေ့ရှိသည်။)

မြွေကိုက်သည့်ညက ဆေးရုံမှ အိမ်သို့ပြန်လာကတည်းက ကျွန်မ၏အတွင်းစိတ်သဏ္ဌာန်သည် အထူးပင် တည်ငြိမ်အေးချမ်းနေခဲ့သည်။ အကြောက်တရားများကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်ခဲ့သည်။ ကျွန်မ၏ ယုံကြည်မှုကို အစမ်းသပ်ခံပြီး ပိုမိုလေးနက်ခိုင်မာလာခဲ့ပါတော့သည်။

(မစ္စတီကေ)

(By. Misty Kay)